# "အငှားဝယ်အရစ်ကျငွေပေးချေစနစ်ဖြင့် နှစ်ဘီးယာဉ်(မော်တော်ဆိုင်ကယ်)ရောင်းချပေးခြင်း နှစ်ဖက်သဘောတူကတိစာချုပ်"

**(PO No. 2023/10/ W.H.P- 013)**

**စာချုပ်အမှတ် -WF/HP -၀၁၃/၂၀၂၃**

**ရက်စွဲ။ ။၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၊ ( ၂၇ )ရက်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင်အောက်အမည်ပါသူတို့ Used Matador Spin / Red (3Wheeler) (1)Unit သုံးဘီးယာဉ်ကို Win Finance (Win Progress Services Co., Ltd.) မှ အငှားဝယ်စနစ်ဖြင့် သုံးဘီးယာဉ်အရောင်းအဝယ် ကတိပြုစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ-

သုံးဘီးယာဉ်အငှားရောင်းချသူများ။ ။ ဒေါ်ဝင်းသိဂီနွယ် (ဘ) ဦး
(မှတ်ပုံတင်အမှတ်-၁၂/ရပသ(နိုင်)၀၅၈၀၆၁)
**(for and on the behalf of United Mercury Group Motors Co., Ltd.)**
အမှတ်(၃၈)၊မင်းကြီးမဟာမင်းခေါင်လမ်း၊ ရွှေသံလွင်စက်မှုဇုန်၊
ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
၂။ ဒေါ်အေးသီတာသိန်း (ဘ) ဦးနိုင်လင်းသိန်း
(မှတ်ပုံတင်အမှတ် -၁၂/ဗဟန(နိုင်)၀၈၈၄၁၉)
**(for and on the behalf of Win Progress Services Co., Ltd.)**
အခန်းအမှတ်(၄၀၂)၊ ၄-လွှာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

သုံးဘီးယာဉ်အငှားဝယ်ယူသူ ။ ။ ဒေါ်တင်တင်ထွန်း (ဘ) ဦးထွန်းသောင်း
(မှတ်ပုံတင်အမှတ် -၁၂/ မဝဒ (နိုင်) ၀၂၁၃၇၃)
ဗွေဓိကုန်းကျေးရွာလမ်း၊ အုတ်တွင်းမြို့နယ်၊
တောင်ငူ၊ ပဲခူးတိုင်း။
ဖုန်း -၀၉-၆၉၉၃၇၃၃၄၉။

အငှားအရောင်းအဝယ်ပြုလုပ်သည့် သုံးဘီးယာဉ်အမျိုးအစား။ ။ **Used Matador Spin/ Red 3 Wheeler (1) Unit**

(သုံးဘီးယာဉ် အငှားရောင်းချသူနှင့် သုံးဘီးယာဉ်အငှားဝယ်ယူသူဟူသောစကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာ တွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စား ပြုခံရသူများ အားလုံး သိမ်းကြုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်)။

ဤစာချုပ်ပါ"သုံးဘီးယာဉ်"ဟူသောစကားရပ်တွင် အငှားရောင်းချသည့် မူလ သုံးဘီးယာဉ်နှင့် စက်အပိုပစ္စည်းများ၊ လိုအပ်လာပါက အငှားရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် အငှားဝယ်ယူသူမှ မိမိသဘောအလျောက် အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ် တပ်ဆင်ထားသည့် သုံးဘီးယာဉ်နှင့် စက်အပိုပစ္စည်းများပါဝင်ခြင်းမရှိစေရ။

**စာမျက်နှာ(၂)သို့**

**အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း**

၁။ သုံးဘီးယာဉ်ရောင်းချသူပိုင်ဆိုင်သော Used Matador Spin/ Red (3Wheeler) အမျိုးအစား သုံးဘီးယာဉ် (1)Unitကို တန်ဖိုးငွေကျပ်-၆,၀၀၀,၀၀၀/- (မြန်မာကျပ်ငွေ- သိန်းခြောက်ဆယ်ကျပ်တိတိ) (ကုန်သွယ် လုပ်ငန်းခွန် အပါအဝင် ဈေးနှုန်း) နှုန်းဖြင့် ရောင်းချရန်အဆိုပြုကမ်းလှမ်းလာသည်ကိုအဆိုပါကာလတန်ဖိုးဖြင့် သုံးဘီးယာဉ် ဝယ်ယူသူမှဝယ်ယူရန် သဘောတူညီပါသည်။

**သုံးဘီးယာဉ်အငှားရောင်းချသူဘက်မှ သဘောတူညီချက်**

၂။ United Mercury Group Motors Co., Ltd သည် မိမိတို့ကုမ္ပဏီမှတရားဝင်တင်သွင်းရောင်းချလျက်ရှိသော Used Matador Spin/ Red (3Wheeler) သုံးဘီးယာဉ်ကို "အငှားဝယ်အရစ်ကျငွေပေးချေစနစ်" ဖြင့် ဝယ်ယူ လိုသူတို့အား Win Finance (Win Progress Services Co., Ltd.) ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းသို့ အရစ်ကျငွေ ပေးချေစနစ်ဖြင့် ဝယ်ယူပိုင်ဆိုင်နိုင်စေရန် Win Finance (Win Progress Services Co., Ltd.) နှင့် ဆက်သွယ် ရောင်းချ ပေးသွားမည်ဖြစ်ပါသည်။

၃။ United Mercury Group Motors Co., Ltd အနေဖြင့် သုံးဘီးယာဉ်အငှားဝယ်ယူသူအတွက် အထက်ဖော်ပြပါ အတိုင်းမိမိတာဝန်ယူဆောင်ရွက်ပေးရသည့်လုပ်ငန်းစဉ်များကိုဆောင်ရွက်ပေးနိုင်ရေးအတွက် သုံးဘီးယာဉ် အငှား ဝယ်ယူသူမှ ကြိုတင်အပ်နှံရမည့်ငွေ ၅၀% ကျပ်- ၂,၈၅၇,၁၄၃/-နှင့်ကုန်သွယ်လုပ်ငန်းခွန် **၅%**ကျပ်-၂၈၅,၇၁၄/- အပါအဝင် စုစုပေါင်းတန်ဖိုးငွေ ကျပ်-၃,၁၄၂,၈၅၇/- (မြန်မာကျပ်ငွေ-သုံးဆယ့်တစ်သိန်းလေးသောင်း နှစ်ထောင့်ရှစ်ရာငါးဆယ့်ခုနှစ်ကျပ်တိတိ) ကို သုံးဘီးယာဉ်အငှားဝယ်ယူသူမှ Win Finance (Win Progress Services Co., Ltd.) ရှိ ၎င်း၏ Hire Purchase Account သို့ တိုက်ရိုက်ပေးသွင်းရပါမည်။ ကျန်ရှိငွေ ၅၀% ကျပ်-၂,၈၅၇,၁၄၃/- (မြန်မာကျပ်ငွေ- နှစ်ဆယ့်ရှစ်သိန်း နှင့် ငါးသောင်းခုနှစ်ထောင့်တစ်ရာလေးဆယ့်သုံးကျပ်တိတိ) ကို သုံးဘီးယာဉ်အငှား ဝယ်ယူသူသည် Hire Purchase ချေးငွေအဖြစ် UMG Motors Co., Ltd. မှ ချေးယူပြီး သုံးဘီးယာဉ်ဖိုးနှစ်ရပ်ပေါင်းငွေကို အငှား ရောင်းချသူ United Mercury Group Motors Co., Ltd ၏ ငွေစာရင်းသို့ Win Finance (Win Progress Services Co., Ltd.)မှ လွှဲပြောင်းပေးအပ်ရန်သဘောတူပြီး Hire Purchase System ဖြင့် နှစ်ဘက်အရောင်း/အဝယ် ပြုလုပ်ကြပါသည်။

**သုံးဘီးယာဉ်အငှားဝယ်ယူသူ၏ ကတိပြုချက်များ**

၄။ သုံးဘီးယာဉ်အငှားဝယ်ယူသူသည် မိမိ၏ အငှားဝယ်အရစ်ကျချေးငွေကို Win Finance (Win Progress Services Co., Ltd.) သို့ အပြေအကြေပေးသွင်းပြီးမှသာလျှင် ဤစာချုပ်ပါ Used Matador Spin/ Red (3Wheeler) ကို United Mercury Group Motors Co., Ltd. ထံမှအပြီးအပိုင်ရရှိမည်ဖြစ်ပြီး၊ ထိုအချိန်မှသာဤစာချုပ်ပါ Used Matador Spin / Red (3Wheeler) ကို မိမိအတွက် လက်ရှိပိုင်ဆိုင်ခွင့်ရရှိစေမည် ဖြစ်ကြောင်းကို လည်းသိရှိသဘောတူ ပါသည်။

စာမျက်နှာ(၃)သို့

<u>**သုံးဘီးယာဉ်အငှားရောင်းချသူ၏ တာဝန်များ**</u>

**၅။** သုံးဘီးယာဉ်ရောင်းချသူသည် Used Matador Spin/ Red (3Wheeler) သုံးဘီးယာဉ်ကို ၂၀၂၄ ခုနှစ်၊ **ဧပြီလ**တွင် Win Finance (Win Progress Services Co., Ltd ရှိ ၎င်း၏ Hire Purchase Account ငွေစာရင်းသို့ သုံးဘီးယာဉ်ဖိုးငွေအပြေအကြေလွှဲပြောင်းပေးသွင်းပြီးပါက ပိုင်ဆိုင်မှု စာရွက်/စာတမ်းများ နှင့်တကွ ဝယ်ယူသူထံသို့ လွှဲပြောင်းပေးအပ်ရန်သဘောတူပါသည်။

**၆။** ရောင်းချသူက မိမိတို့ရောင်းချသော Used Matador Spin / Red (3Wheeler) သုံးဘီးယာဉ်ကို အခြားသူတစ်ဦးတစ်ယောက်အားရောင်းချထားခြင်း၊ လွှဲပြောင်းပေါင်နှံပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း စသည်များကင်းရှင်းကြောင်းကိုရောင်းချသူဘက်မှတာဝန်ယူပါသည်။

<u>**ကတိပဋိညာဉ်စာချုပ်ပြီးဆုံးခြင်း၊ ရပ်စဲခြင်းနှင့် ပျက်ပြယ်ခြင်း**</u>

**၇။** ဤကတိပဋိညာဉ်စာချုပ် ချုပ်ဆိုကြသူနှစ်ဘက်စလုံးက ဤစာချုပ်ပါစည်းကမ်းများ၊ သဘောတူညီချက်များကို စတင်ဖောက်ဖျက်မှုတစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက မည်သည့်ဘက်ကမှ တစ်ဘက်သတ်ရပ်စဲခြင်းမပြုရ။ ကတိပြုချက်များကို ဖောက်ဖျက်ပါက ဖောက်ဖျက်ခြင်းခံရသူက ဤပဋိညာဉ်ကိုပျက်ပြယ်စေလိုက ချွင်းချက်မရှိ ပျက်ပြယ်စေနိုင်သည်။ ဤစာချုပ် ချုပ်ဆိုကြသူ နှစ်ဘက်စလုံးသည် ဤစာချုပ်ပါကတိပြုချက်၊ သဘောတူညီချက်၊ စည်းကမ်းချက်များကို ပြီးပြည့်စုံအောင် လိုက်နာဆောင်ရွက်ပြီးသည့်နေ့တွင် ဤစာချုပ်သည် ပျက်ပျယ်ပြီးဖြစ်ကြောင်း နှစ်ဘက်သိရှိသဘောတူကြပါသည်။

**၈။** ဤစာချုပ်နှင့် ပူးတွဲပါစာရွက်စာတမ်းအားလုံးသည် တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

**၉။** စာချုပ်ချုပ်ဆိုပြီး တစ်လအတွင်း အခြေအနေ အပြောင်းအလဲတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက နှစ်ဘက်ညှိနှိုင်း၍ စာချုပ်အား ပြန်လည်ချုပ်ဆိုခွင့်ရှိစေရမည်။

**၁၀။** အငှားဝယ်အရစ်ကျစနစ်ဖြင့် ရောင်းချသည့် သုံးဘီးယာဉ် (၂၇-၁၀-၂၀၂၃) ရက်နေ့တွင် အငှားရောင်းချသူ(၂) ထံမှအငှားဝယ်ယူသူသို့ ယုံကြည်စွာဖြင့် လက်ရောက်အပ်နှံပေးအပ်ခဲ့ရာ အငှားဝယ်ယူသူမှ လက်ခံရရှိကြောင်း ဝန်ခံပါသည်။

<u>ငွေပေးသွင်းခြင်းပျက်ကွက်ခြင်းစည်းကမ်းချက်များ</u>

**၁၁။** ပေးသွင်းရမည့်ကျန်ငွေများအား**နောက်ဆက်တွဲဇယား(က)**ပါအရစ်ကျငွေပေးချေမှုစနစ်အရသတ်မှတ်ထားသည့် နေ့ရက် အတွင်းနောက်ဆုံးထား၍ Win Finance (Win Progress Services Co., Ltd) သို့မပျက်မကွက် ပေးသွင်းရန် သဘောတူညီပါသည်။ အကယ်၍ သုံးဘီးယာဉ်ဝယ်ယူသူဘက်မှ ပေးချေရမည့်တန်ဖိုးကို သတ်မှတ်ရက်အတွင်း ပေးအပ်နိုင်ခြင်းမရှိပါကပေးချေရမည့်တန်ဖိုး၏ (၅%)ကို နှစ်နာကြေးအဖြစ် Win Finance (Win Progress Services Co., Ltd.) သို့ ပေးသွင်းရန် သဘောတူညီပါကြောင်းဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်။

**၁၂။** အထက်ဖော်ပြပါ သတ်မှတ်အရစ်ကျပေးသွင်းရမည့် သုံးဘီးယာဉ်ဖိုးကျန်ငွေများအပေါ် နှစ်နာမှုဒဏ်ကြေး (၅%) ပေးသွင်းပြီး၍ရက်ပေါင်းသုံးဆယ်(၁၀)အတွင်းသုံးဘီးယာဉ်ဖိုးကျန်ငွေများအပြေအကြေပေးသွင်းခြင်းမရှိထပ်မံပျက်ကွက်ပါက ငွေပေးချေခြင်းအဆင့် မည်သည့်အဆင့်တွင်မဆို ပျက်ကွက်သည်နှင့်တစ်ပြိုင်နက အငှားရောင်းချသူမှ ဤအငှားအရောင်းစာချုပ်ကိုဖျက်သိမ်းခြင်းနှင့်ရောင်းချထားသောသုံးဘီးယာဉ်ကိုအငှားရောင်းချသူမှပြန်လည်သိမ်းယူမည်ဖြစ်သည့်အပြင် ပေးသွင်းပြီးသောအရစ်ကျငွေကြေးများကို သုံးဘီးယာဉ်ငှားရမ်းခအဖြစ် သတ်မှတ်ခြင်းကို နှစ်ဖက်သဘောတူကြပါသည်။

**စာမျက်နှာ(၄)သို့**

**၁၃။** ထို့သို့ ရောင်းချထားခဲ့သော သုံးဘီးယာဉ်ကို ရောင်းချထားသူမှ ပြန်လည်သိမ်းယူရာတွင် သုံးဘီးယာဉ်အငှား ဝယ်ယူသူ လက်ခံသွားစဉ်က မူလ သုံးဘီးယာဉ်အတိုင်း ဝယ်ယူသူမှ ပြန်လည်အပ်နှံနိုင်ခြင်း မရှိကြောင်း စစ်ဆေးတွေ့ ရှိပါက ယင်းသုံးဘီးယာဉ်ပြန်လည်ပြုပြင် ၊ပြင်ဆင်ရသည့် ကုန်ကျစရိတ် အဝဝကို သုံးဘီးယာဉ် အငှား ဝယ်ယူသူမှ ကျခံ ပေးရန်ကိုလည်းနှစ်ဖက်သိရှိ သဘောတူကြပါသည်။

**၁၄။** ဤစာချုပ်ပါ စကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦး နှစ်ဖက် အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည် သဘောပေါက်ကြပြီး မည်သူတစ်ဦး တစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်း စသည် တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏ လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြု လက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| သုံးဘီးယာဉ်အငှားရောင်းချသူများ | | သုံးဘီးယာဉ်အငှားဝယ်ယူသူ |
|---|---|---|
| ဒေါ်ဝင်းသိဂီနွယ် | ဒေါ်အေးသီတာသိန်း | ဒေါ်တင်တင်ထွန်း |
| (၁၂/ရပသ(နိုင်)၀၅၈၀၆၁) | (၁၂/ဗဟန(နိုင်)၀၈၈၄၁၉) | (၁၂/ မဝဒ (နိုင်) ၀၂၁၃၇၃) |

<u>အသိသက်သေများ</u>

၁။လက်မှတ် -
အမည် - ဒေါ်သက်ချို၀င်း
မှတ်ပုံတင်အမှတ်- ၉/ပဥလ(နိုင်)၀၄၆၆၂၀
နေရပ်-အမှတ်(၅၁၅)၊ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကန်ရိုးကျေးရွာ။
ဖုန်း - ။

၂။လက်မှတ် -
အမည် - ဦးမင်းဟန်
မှတ်ပုံတင်အမှတ်-၁၀/မဒန (နိုင်) ၀၀၆၈၅၃
နေရပ် - ဗွေဓိကုန်းကျေးရွာလမ်း၊ အုတ်တွင်းမြို့နယ် တောင်ငူ၊ ပဲခူးတိုင်း။
ဖုန်း -၀၉- ၆၇၂၅၂၁၁၁။

၃။လက်မှတ် -
အမည် - **ဒေါ်တင်နီလာဝင်း**
မှတ်ပုံတင်အမှတ် - ၇/ကပက(နိုင်) ၁၀၃၈၉၉
နေရပ် -အခန်းအမှတ်(၄၀၂)၊ ၄-လွှာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**စာမျက်နှာ(၅)သို့**

**နောက်တွဲဇယား ( က )**

| စဉ် | အရစ်ကျပေးချေစနစ် | Unit & Other Costs | ပမာဏ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|
| 1 | 1st Payment | ကျပ်-၄၅၂,၉၃၁/- + ကျပ်-၅၇,၁၄၃/- | ကျပ် - ၅၁၀,၀၇၄/- | (၂၇-၁၀-၂၃ မှ၂၇-၁၁-၂၃) အတွင်း | |
| 2 | 2nd Payment | ကျပ်-၄၆၁,၉၉၀/- + ကျပ်-၄၈,၀၈၄/- | ကျပ် - ၅၁၀,၀၇၄/- | (၂၇-၁၁-၂၃ မှ၂၇-၁၂-၂၃) အတွင်း | |
| 3 | 3rd Payment | ကျပ်-၄၇၁,၂၃၀/- + ကျပ်-၃၈,၈၄၄/- | ကျပ် - ၅၁၀,၀၇၄/- | (၂၇-၁၂-၂၃ မှ၂၇-၁-၂၄)အတွင်း | |
| 4 | 4th Payment | ကျပ်-၄၈၀,၆၅၄/- + ကျပ်-၂၉,၄၂၀/- | ကျပ် - ၅၁၀,၀၇၄/- | (၂၇-၀၁-၂၄ မှ၂၇-၀၂-၂၄) အတွင်း | |
| 5 | 5th Payment | ကျပ်-၄၉၀,၂၆၇/- + ကျပ်-၁၉,၈၀၇/- | ကျပ် - ၅၁၀,၀၇၄/- | (၂၇-၀၂-၂၄ မှ၂၇-၀၃-၂၄) အတွင်း | |
| 6 | 6th Payment | ကျပ်-၅၀၀,၀၇၃/- + ကျပ်-၁၀,၀၀၁/- | ကျပ် - ၅၁၀,၀၇၄/- | (၂၇-၀၃-၂၃ မှ၂၇-၀၄-၂၄) အတွင်း | |
| | **စုစုပေါင်းတန်ဖိုး** | | ကျပ်- ၃,၀၆၀,၄၄၄/- | | |

၂။ အထက်ဖော်ပြပါ သတ်မှတ်အရစ်ကျပေးသွင်းရမည့် Used Matador Spin / Red (3Wheeler) ကျန်ငွေများ အပြေအကြေပေးသွင်းခြင်းမရှိ ထပ်မံပျက်ကွက်ပါက Used Matador Spin/ Red (3Wheeler) ဝယ်ယူသူ လျှောက်ထားလွှာတွင် အာမခံသူအဖြစ် လက်မှတ်ရေးထိုးထားသော ဦးမင်းဟန်မှ ကျန်ငွေများအား အပြေအကြေ တစ်လုံး တစ်ခဲတည်းပေးဆပ်ရန် သဘောတူပါသဖြင့် လက်မှတ်ရေးထိုး ချုပ်ဆိုပါသည်။

<u>အာမခံသူ</u>

လက်မှတ် --------------------------------

အမည် - ဦးမင်းဟန်

မှတ်ပုံတင်အမှတ် - ၁၀/မဒန (နိုင်) ၀၀၆၈၅၃

နေရပ်လိပ်စာ- ဗွေဓိကုန်းကျေးရွာလမ်း၊ အုတ်တွင်းမြို့နယ်၊

တောင်ငူ၊ ပဲခူးတိုင်း။

ဖုန်း - ၀၉- ၆၇၂၅၂၁၃၁၃။